နောက်ဆက်တွဲ(က)

**မြန်မာဂိုး(လ်)ဒင်းပွိုင့်ဖယ်မလီကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု၊ ဝက်သေ/ဖက်ရှည်ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ခြင်း (သန့်စင်ခြင်းမပါ) လုပ်ငန်း၏ စီမံကိန်းအကြောင်းအရာ**

၁။ မြန်မာဂိုး(လ်)ဒင်းပွိုင့်ဖယ်မလီကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု၊ ဝက်သေ/ဖက်ရှည်ဒေသရှိ မြေဧရိယာ (၁၀.၁၂) ဧက ကျယ်ဝန်းသော ရွှေလုပ်ကွက် (TWT–E) တွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ခြင်း (သန့်စင်ခြင်းမပါ) လုပ်ငန်းအတွက် အမှတ် (၂) သတ္တုတွင်းလုပ်ငန်း၏ ၁၉–၁၁–၂၀၁၉ ရက်စွဲပါ စာအမှတ်၊ ၁၀၅၃/ ရွှေဖက်စပ် (မြန်မာဂိုးလ်ဒင်းပွိုင့်)/ ၂၀၁၉ ဖြင့် တင်ပြခဲ့သည့် အပြီးသတ်ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ် (EMP) ကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာ လိုက်နာဆောင်ရွက်မှု သက်သေခံလက်မှတ် (Environmental Compliance Certificate – ECC) ထုတ်ပေးခြင်းဖြစ်သည်။

၂။ **စီမံကိန်းအဆိုပြုသူ။** ဦးမောင်လတ်၊ Directon မြန်မာဂိုး(လ်)ဒင်းပွိုင့်ဖယ်မလီကုမ္ပဏီလီမိတက်၊ အမှတ် (က/၉)၊ (၇၈) လမ်း၊ (၃၂) လမ်းနှင့် (၃၃) လမ်းကြား၊ ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊ ဖုန်း–၀၉ ၂၀၀၂၂၆၀ ဖြစ်ပါသည်။

၃။ **စီမံကိန်းဆောင်ရွက်ပုံအဆင့်ဆင့်။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် မြေအောက်တူးဖော်မှုနည်းစနစ်ကိုအသုံးပြု၍ လေးပင်အင်း (Vertical Shaft) (၁) ကျင်းဖြင့် ရွှေပါဝင်သည့် သတ္တုကြောရောက်သည်အထိ လွန်တူးဖော်ခြင်းနှင့် ယမ်းအသုံးပြု၍ မြေအောက်ဆင်းကျင်းတူးဖော်မည်ဖြစ်ပြီး ရွှေပါသတ္တုရိုင်းများကို လုပ်ကွက်အတွင်းဆင့်တက်ပြုပြင်သန့်စင်ခြင်းမရှိဘဲ ရွှေသန့်စင်စက်ရုံသို့ ပို့ဆောင်သန့်စင်မည်ဖြစ်ကြောင်း ဖော်ပြထားပါသည်။


၄။ **အသုံးပြုကုန်ကြမ်းပစ္စည်းများ။** စီမံကိန်းလုပ်ငန်းဆောင်ရွက်ရာတွင် လေပေးစက် (Air Compressor) (၂) လုံး၊ ရေစုပ်ပန့် (၃) လုံးနှင့် Winch (၂) လုံး စသည်တို့ကိုအသုံးပြုမည်ဖြစ်ကြောင်း၊ ဝန်ထမ်းအင်အား (၂၅) ဦးဖြင့် လုပ်ငန်းလည်ပတ်ဆောင်ရွက်မည်ဖြစ်ကြောင်း၊ အထွေထွေလုပ်ငန်းသုံးရေလိုအပ်ချက်မှာ တစ်နှစ်လျှင် ရေဂါလန် (၁.၅) သိန်းခန့်ဖြစ်ပြီး လောင်စာဆီလိုအပ်ချက်မှာ တစ်နှစ်လျှင် ဒီဇယ်ဆီ ဂါလန် (၁၅၀၀၀) ခန့်၊ အင်ဂျင်ဝိုင် (၅၀) ဂါလန်နှင့် ဟိုက်ဒရောလစ်ဆီ (၅၀) ဂါလန်ခန့် ဖြစ်ကြောင်း ဖော်ပြထားပါသည်။

၅။ **စီမံကိန်းတည်နေရာ။** မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု၊ ဝက်သေ/ ဖက်ရှည်ဒေသရှိ မြေဧရိယာ (၁၀.၁၂) ဧက ကျယ်ဝန်းသော ရွှေလုပ်ကွက် (TWT–E) တွင် တည်ရှိပါသည်။

မြန်မာဂိုး(လ်)ဒင်းပ္ပိုင့်ဖယ်မလီကုမ္ပဏီလီမိတက်မှ မန္တလေးတိုင်းဒေသကြီး၊ သပိတ်ကျင်းမြို့နယ်၊ အုံးဖုံးကျေးရွာအုပ်စု၊ ဝက်သေ/ဖက်ရှည်ဒေသတွင် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရွှေသတ္တုတူးဖော်ခြင်း (သန့်စင်ခြင်းမပါ) လုပ်ငန်း၏ တည်နေရာပြမြေပုံ

(TWT-E) ၏ တည်နေရာပြမြေပုံ

မြေပုံအမှတ်၊ 93-B/1




| |
|---|
| မြေပုံညွှန်း |
| ၉၃-ဘီ/၁ |
| A = 852226 |
| B = 852228 |
| C = 852230 |
| D = 851230 |
| E = 850228 |
| F = 850227 |
| G = 852227 |
| H = 852226 |
| ပြုစုသူ |
| (ဦးဇော်မြင့်ဦး) |

ပြင်ဆင်သူ

အညွှန်း

TWT-E လုပ်ကွက်တည်နေရာ

အတည်ပြုသူ

